www.kelasa.org



## ဝမ်းကွဲမောင်နှမ လက်ထပ်ရင်

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊
အခုခေတ် မိဘဘိုးဘွားတွေရော လူတိုင်းကပါ လက်ခံကျင့်သုံးတဲ့ အယူအဆ တစ်ခု ရှိပါတယ်ဘုရား။ အဲဒါကတော့ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ မောင်နှမအချင်းချင်း လက်မထပ်သင့်ဘူး ဆိုတာပါဘုရား။ လက် ထပ်ရင် ဘာဖြစ်သလဲလို့ မေးတော့ ငရဲကြီးတယ်လို့ ပြောပါတယ်ဘုရား။ ဒီလိုဆိုရင် နှမရင်းတွေကို မိဖုရားမြှောက်ကြတဲ့ အရင်ခေတ်က ဘုရင်တွေ ငရဲကို ရောက်ကုန်မယ်လို့ ထင်ပါတယ်ဘုရား။ ဆွေမျိုးရင်း တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေနဲ့ အိမ်ထောင်ပြုရင် ငရဲကြီးပါသလား ဆိုတာကို သိလိုပါသည်ဘုရား။

မျိုးထွဋ်ခေါင်

---------------------------

www.kelasa.org

### ရှေးခေတ်က ဘုရင်တွေ

မဟာသမ္မတမင်းဆက် တတိယ ဩက္ကာကမင်းရဲ့ အကြီးဆုံး မိဖုရားမှာ သားတော် လေးယောက် သမီးတော် ငါးယောက် ဖွားမြင်ပါတယ်။ အဲဒီ ဩက္ကာကမျိုး မင်းသား မင်းသမီး ကိုးယောက်ယာ ဟိမဝန္တာတော တစ်နေရာမှာ သီးခြားမြို့ ပြနိုင်ငံ တည်ထောင်ကြတဲ့အခါ ဩက္ကာကမျိုး မင်းဆက် မပျက်ရအောင်လို့ အကြီးဆုံး မင်းသမီးကို အမိအရာမှာ ထားပြီး မင်းသား လေးယောက်က နှမရင်းဖြစ်တဲ့ ကျန်မင်းသမီးလေး ယောက်နဲ့ လက်ထပ် အိမ်ထောင်ပြုရာကနေ သကျမျိုး စတင်ခဲ့တယ်။ ဗုဒ္ဓဘုရားဟာ အဲဒီသကျမျိုးက ဆင်းသက်လာသူ ဖြစ်ပါတယ် (ဒီ ၁၊ ၈၇။ ဒီ–ဋ္ဌ ၁၊ ၂၃၀)။

ရှေးခေတ် အီဂျစ်က ဖာရော ဘုရင်တွေဟာ မောင်နှမရင်း အချင်းချင်း တစ်ခါတစ်ရံ အဖေနဲ့ သမီးတောင် လက်ထပ်ပြီး နန်းတက်ကြတယ်။ အကြောင်းက နတ်ဘုရားတွေကို အတုယူတာ တစ်နည်း ၎င်း တို့ကို လူထုက နတ်ဘုရားတွေလို့ ထင်စေချင်လို့ ဖြစ်ပါသတဲ့။

### ဘာသာရေး တားမြစ်ချက်များ

Leviticus (ဝတ်ပြုရာကျမ်း) အခန်း ၂၀ ကို အစအဆုံး ဖတ်ကြည့်ရင် အမေ၊ သမီးရင်း၊ နှမရင်း၊ အဒေါ်ရင်းတွေနဲ့ လိင်ဆက်ဆံရင် အင်မတန် ဆိုးသွမ်းလို့ ဘုရားသခင်က သေဒဏ်ပေးပါတယ်။ (တူရင်း တူမရင်းတွေနဲ့ ပတ်သက်ပြီး ဖော်ပြချက်ကို မတွေ့မိပါ။) ဒါပေမဲ့ မောင်နှမ ဝမ်းကွဲတွေနဲ့ ပတ်သက်ပြီး တားမြစ်ချက်မရှိ။ ကိုရ်အာန်ကျမ်း ၄း၂၃–၂၄ မှာတော့ အမေ၊ သမီးရင်း၊ နှမရင်း၊ အဒေါ်ရင်း၊ တူမရင်း၊ ယောက္ခမ၊ မယားပါသမီးတွေနဲ့ မေထုန်ပြုတာကို ရိုင်းပျတဲ့အမှုဖြစ်လို့ တားမြစ်ပါ တယ်။ ဝမ်းကွဲ မောင်နှမတွေကိုတော့ ခွင့်ပြုထားပါတယ်။ အချို့ ဟိန္ဒူ တွေက မိသားစုဝင် အချင်းချင်း လက်ထပ်ခွင့် မရှိဘူး။ အိန္ဒိယတောင် ပိုင်း ဟိန္ဒူ အချို့ကတော့ cross-cousin (အဖေ့ အစ်မ နှမရဲ့ သားသမီး၊ အမေ့အစ်ကို မောင်ရဲ့ သားသမီး)တွေကို လက်ထပ်ခွင့်ပြုပါတယ်။ ဒါပေမယ့် အဖေညီအကိုရင်း အမေညီအမရင်းက မွေးတာကိုတော့ ခွင့်မပြုဘူး။

ဘုန်းကြီးတို့ အရပ်ဒေသမှာ အိန္ဒိယတောင်ပိုင်းက ဟိန္ဒူတွေနဲ့ တူတာကို တွေ့ရတယ်။ အမေ့မောင်အရင်းရဲ့ သမီးတွေ တစ်နည်း ဘုန်းကြီးရဲ့ နှမဝမ်းကွဲတွေနဲ့ ပတ်သက်ပြီး ငယ်ငယ်က ခံစားချက်နှစ်မျိုး ဖြစ်ဖူးတာကို အမှတ်ရပါတယ်။ သူတို့ကို ထိရင် မခံနိုင်တဲ့ မောင်နှမ သံယောဇဉ်မျိုးနဲ့ ပတ်ဝန်းကျင် သို့မဟုတ်

အစဉ်အလာကပေးတဲ့ အသိကြောင့် ခပ်စိမ်းစိမ်းနဲ့ ရှက်လဲရှက်နေတဲ့ အဖြစ်မျိုးပါ။ အမေ့ညီမက မွေးတာတွေကျတော့ ရှက်စိမ်းစိတ် မရှိဘူး။

စကားမစပ်၊ မြတ်ဗုဒ္ဓဖြစ်လာမဲ့ မင်းသားသိဒ္ဓတ္ထရဲ့ မယ်တော် မဟာမာယာနဲ့ မင်းသိဒ္ဓတ်ရဲ့ ကြင်ယာတော် ယသော်ဓရာ မင်းသမီးရဲ့ ဖခင် သုပ္ပဗုဒ္ဓမင်းတို့ဟာ မောင်နှမအရင်းတွေ ဖြစ်ပါတယ်။

**ဗုဒ္ဓဝါဒအစဉ်အလာ**

ဗုဒ္ဓဝါဒ အစဉ်အလာမှာ အဖေနဲ့သမီး၊ သားနဲ့အမေ၊ မောင်နဲ့နှမ မေထုန်မှုကို အထူး စက်ဆုပ်ဖွယ်အနေနဲ့ ယူဆပါတယ်။ သားရဟန်းနဲ့ အမေ ဘိက္ခုနီတို့ တော ကျောင်းမှာ နှစ်ယောက်တည်း အတူနေရင်း ဖောက်ပြန်စိတ် ဝင်ပြီး မေထုန်ပြုကြ တဲ့ ဖြစ်ရပ်ကို မြတ်ဗုဒ္ဓ များစွာ ကဲ့ရဲ့ ပြစ်တင်တော်မူပါတယ် (အံ ၂၊ ၅၉)။ ဒါပေမယ့် အခြားဘာသာတရားတွေလို ဘယ်သူ့ ကို အိမ်ထောင်မပြုရ ဘယ်သူ့ကို ပြုရမယ်လို့ အတိအကျ လမ်းညွှန်ချက်မျိုး မရှိဘူး။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်မှု (ကာမေသု မိစ္ဆာစာရ)ဆိုတဲ့ ငါးပါးသီလထဲမှာ သွေးသား ရင်းသူချင်း မေ ထုန်ပြုမှု ပါဝင်ကြောင်း နားလည်နိုင်တယ်လို့ buddhanet.net သုတေသန ဆောင်း ပါးတစ်ပုဒ်မှာ ဖတ်ရပါတယ်။ လက်ခံနိုင်တဲ့ ယူဆချက်ပါ။ အိမ်ရာထောင်သူ တစ ယောက်အနေနဲ့ ကာမေသု မိစ္ဆာစာရ မဟုတ်ရင် မေထုန်ပြုလို့ အပါယ်မကျပါဘူး။

စက္ကဝတ္တိသုတ်လာ အဓမ္မရာဂ (မမှန် သို့မဟုတ် မတရားတဲ့ တပ်မက်မှု) ဆို တာ အမေ (အဖေ)၊ အဒေါ် ဦးလေးစတဲ့ မသင့်လျော်တဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာ မေထုနရာဂဖြစ်ခြင်းလို့ အဋ္ဌကထာ (ဒီ–ဋ္ဌ ၃၊ ၃၆) မှာ အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။

**ရဲကြီးပါသလား**

လူဆိုတာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား အမြင့်ဆုံးပါ။ အမေ၊ အဖေ၊ မောင် နှမဆိုတာတွေရဲ့ တန်ဖိုး၊ ကျေးဇူးနဲ့ သဘာဝအရဖြစ်တဲ့ ရင်းနှီး နီးစပ်မှု၊ ကြင်နာ ယုယမှု၊ မေတ္တာသံယောဇဉ် ဆိုတဲ့ စိတ်ခံစားချက်တွေဟာ ကြီးမား နက်ရှိုင်းပါ တယ်။ ဘယ်အရာနဲ့မှ မတူနိုင်ပါဘူး။ သဘာဝနိယာမကိုက မိဘမောင်နှမ မေတ္တာ ဆိုတာ ရယူခြင်းမပါတဲ့ အပေးသက်သက် အဖြူထည်ပါ။ အချို့သော တိရစ္ဆာန်တွေ တောင် ဒီသဘာဝနိယာမကို လိုက်နာပါတယ်။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ အဲဒီ လို ပြုဆဲမှာ အားကြီးတဲ့ အကုသိုလ်စိတ်တွေ ဖြစ်လို့ တစ်နည်း ဗုဒ္ဓတားမြစ်တဲ့ ကာမေသု မိစ္ဆာစာရဖြစ်လို့ အပါယ်ရောက်ကြောင်း ဖြစ်ပါလိမ့်မယ်။

အစဉ်အလာ တစ်ခုတည်းနဲ့ ကောင်းတယ် မကောင်းဘူးလို့ မဆုံးဖြတ်နိုင် ဘူး။ အနောက်တိုင်းအမြင်မှာ အရက်သောက်တာဟာ အပြစ် မဟုတ်ဘူး။ သူတို့ ဘာသာတရားမှာကိုက အရက်ကို သောက်ခွင့်ပြုတယ်။ ဒါပေမဲ့ အရက်ဟာ လူ တွေကို ကောင်းကျိုးမပေးတာ သေချာပါတယ်။ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေ အ ချင်းချင်း လက်ထပ်တာနဲ့ ပတ်သက်လို့ ကမ္ဘာ့ ဘာသာတရားတွေရဲ့ ရှုထောင့်နဲ့ ဗုဒ္ဓဝါဒအမြင် တစ်စိတ်တစ်ဒေသအရ အပြစ်လွတ်နိုင်ဖွယ် ရှိပေမဲ့ မိမိစိတ်အာရုံ ခံစားချက်အပေါ်မှာလဲ တည်နိုင်တယ်လို့ ထင်ပါတယ်။

ကျန်းမာရေး ရှုထောင့်အရတော့ သွေးနီးစပ်လွန်းရင် မပြည့်စုံတဲ့ သန္တေသား ကို မွေးဖွားနိုင်တယ်လို့ သိရကြောင်းပါ။ ❒

www.kelasa.org

သူများ မကောင်းကြောင်း ကိုယ်ကောင်းကြောင်းကို
ပြောပြီး အချိန် မဖြုန်းပါနှင့်။

